ဟုတ်ကဲ့။ ကျွန်ုပ်အရေး ပါပါသည်။

၂၀၂၀ လူဦးရေစာရင်းဆိုသည်မှာ အဘယ်နည်း။

၀၁ လူဦးရေစာရင်းဆိုသည်မှာ အဘယ်နည်း။

- ဤနိုင်ငံတွင်နေထိုင်သူအားလုံးကို ၁၀ နှစ်ကြာတိုင်း ဗဟိုအစိုးရမှ ရေတွက်ရန် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ထားပါသည်။
- လူဦးရေစာရင်းတွင် အသက်အရွယ်၊ လူမျိုးနှင့် လူမျိုးစုအားလုံး၊ ၎င်းတို့၏ ပြောင်းရွှေ့နေထိုင်မှု အနေအထားနှင့်မသက်ဆိုင်ဘဲ နိုင်ငံသားနှင့် နိုင်သားမဟုတ်သူ အားလုံး ပါဝင်ရပါမည်။ ကျွန်ုပ်တို့၏ ပါဝင်မှုသည် ရပိုင်ခွင့်တစ်ရပ်နှင့် တာဝန်တစ်ရပ် ဖြစ်ပါသည်။

၀၂ ၎င်းသည် အဘယ်ကြောင့် ဤမျှအရေးကြီးသနည်း။

- ကျွန်ုပ်တို့၏မိသားစုရှိ လူအရေအတွက်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို အခြေခံ၍ ရသုံးငွေကို ကျွန်ုပ်တို့ စီစဉ်သည့်နည်းတူ အစိုးရသည် အောက်ပါတို့ကဲ့သို့ အစီအစဉ်များအတွက် ရန်ပုံငွေချထားပေးပုံကို ဆုံးဖြတ်ရန် လူဦးရေစာရင်းမှ အချက်အလက်များကို လိုအပ်ပါသည်-

- ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းများတွင် လူဦးရေစာရင်း အရေအတွက် တိကျလေလေ၊ နောင် ၁၀ နှစ်အတွက် ကျွန်ုပ်တို့ လူမှုအသိုင်းအဝိုင်း ရရှိမည့်ရန်ပုံငွေမှာ များလေလေဖြစ်သည်။

၀၃ မည်သူတို့ကို ရေတွက်သနည်း။

- အိမ်ထောင်စုရှိလူတိုင်းကို ရေတွက်ရန်လိုပါသည်။
- ကလေးများ၊ ကောလိပ်ကျောင်းသားများ၊ အရွယ်ရောက်သူများ၊ ဆွေမျိုးများ ၊ မိတ်ဆွေများ၊ မိတ်ဆွေများ၏ ကလေးများ၊ အဘိုးအဘွားများ၊ အိမ်ထောင်ဖက်နှင့်ဆက်နွယ်သည့် ဆွေမျိုးများ စသည်ဖြင့် အပါအဝင် ၎င်းတို့၏အသက်အရွယ် သို့မဟုတ် တရားဝင်အနေအထားနှင့် မသက်ဆိုင်ဘဲ အိမ်ထောင်စုဝင်အားလုံး။

၀၄ ကိုယ်ရေးကိုယ်တာ အချက်အလက်များလုံခြုံမှု

- ဥပဒေအရ လူဦးရေစာရင်းအချက်အလက်များကို ကိန်းဂဏန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ အသုံးပြုနိုင်ပါသည်။ လူဦးရေစာရင်းဌာနမှ ကောက်ခံသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အခြား မည်သည့် အစိုးရဌာနကိုမျှ ထုတ်မပြောပါ။
- (အမည်များ၊ လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များ အပါအဝင်) ကိုယ်ရေးကိုယ်တာ လူဦးရေစာရင်း အချက်အလက်များကို ၇၂ နှစ်ကြာ ထုတ်ပြောၗ်မရပါ။
- လူဦးရေစာရင်းအတွက် အလုပ်လုပ်သူများသည် ဤအချက်အလက်များကို ကာကွယ်ရန် ကျင်းကျိန်ထားပါသည်၊ ဗဟိုအစိုးရ၏ ဤဥပဒေကို ချိုးဖောက်ပါက ဤတို့သည် အကျဉ်းကျခံရနိုင်ပါသည်၊ သို့မဟုတ် ဒဏ်ငွေအများအပြား ပေးရနိုင်ပါသည်။

၀၅ သင်မည်သို့ဖြည့်နိုင်သနည်း။

- လူဦးရေစာရင်းကို အွန်လိုင်း၊ ဖုန်းအပြင် စာရွက်တို့ဖြင့် ရနိုင်ပါမည်။

- လူဦးရေစာရင်းပုံစံကို ကွဲပြားသည့် ဘာသာစကား ၁၃ မျိုးဖြင့် အွန်လိုင်းမှ ရနိုင်ပါမည်။ လူဦးရေစာရင်းကို ဘာသာစကား ၅၉ မျိုးဖြင့်လည်း ဖုန်းမှ ရနိုင်ပါမည်။ လူဦးရေစာရင်းကို ဘာသာစကား ၅၉ မျိုးဖြင့်ဖြည့်ပို့ အွန်လိုင်းလမ်းညွှန်ချက်လည်း ရှိပါမည်။
- လူဦးရေစာရင်းဖြည့်သည့်အခါ အိမ်ထောင်စုတွင် နေထိုင်သူအားလုံးကို ရေတွက်ကြောင်း သေချာအောင်လုပ်ပါ။

၀၆ ကျွန်ုပ်၏ ၂၀၂၀ လူဦးရေစာရင်းကို မည်သည့်အခါ ဖြည့်ရမည်နည်း။

- ၂၀၂၀ မတ်လလယ် - အင်တာနက်အပြင် ဖုန်းဖြင့်ဖြေဆိုမှုများကို စတင်လုပ်နိုင်နေပါပြီ၊ စာရွက်နှင့်ပုံစံများကို အင်တာနက် ရရှိနိုင်မှုနည်းသည့် အရပ်များရှိ အိမ်ထောင်စုများအတွက် သို့မဟုတ် တောင်းဆိုမှုအရ ပေးပါမည်။
- ၂၀၂၀ မေလ မှ ၂၀၂၀ ဩဂုတ်လ- မဖြေဆိုမှုအတွက် နောက်ဆက်တွဲ လုပ်ဆောင်ချက်- ၂၀၂၀ ဇူလိုင်လကုန် အရောက်တွက် လူဦးရေစာရင်းပုံစံ မဖြေဆိုသူ သို့မဟုတ် မဖြည့်သူများ၏အိမ်သို့ လူဦးရေစာရင်းဌာန ဝန်ထမ်းတစ်ဦးမှ နောက်ဆက်တွဲ လုပ်ဆောင်ချက်အဖြစ် လာရောက်ပြီး လူဦးရေပုံစံ ဖြည့်ရန် ကူညီပါမည်။

၀၇ သင်ပုံစံမဖြည့်ပါက မည်သို့ဖြစ်မည်နည်း။

- ၂၀၂၀ ဇူလိုင်လကုန်အရောက်တွင် သင်သည် လူဦးရေစာရင်းပုံစံ မဖြည့်ပါက ပုံစံဖြည့်ရာတွင်ကူညီရန် လူဦးရေစာရင်း ဝန်ထမ်းတစ်ဦးမှ သင့်အိမ်သို့ လာရောက်ပါမည်။

သင်သိပါသလား.....

- ဒေသန္တရ၊ ပြည်နယ်နှင့် ဗဟိုအစိုးရတွင် ရွေးကောက်ခံ ခေါင်းဆောင်အရေအတွက်သည် လူဦးရေစာရင်းပေါ်တွင် မူတည်ပါသည်။
- ၂၀၂၀ လူဦးရေစာရင်းရလဒ်ကြောင့် တယ်နစီပြည်နယ်သည် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်တွင် နောက်ထပ် လွှတ်တော်အမတ် ၁ နေရာ ရနိုင်ပါသည်။
- လူဦးရေစာရင်း ကိန်းဂဏန်းများကို အသုံးပြု၍ ခရိုင်များကိုလည်း ပြန်လည်ရေးဆွဲပါသည်။ ၎င်းတို့တွင် ကျောင်းခရိုင်များ၊ ဒေသန္တရ မြို့ကောင်စီ၊ ပြည်နယ် ကိုယ်စားလှယ်များ၊ အမေရိကန်ပြည်ထောင်စု ကွန်ဂရက်တို့ ပါဝင်ပါသည်။

အချက်အလက်များ ထပ်မံရယူရန် 615-414-1030 ကို ဖုန်းဆက်ပါ၊ သို့မဟုတ် cesar@tnimmigrant.org ရှိ (စီဇာ ဘောင်တစ္စတာ) Cesar Bautista ကို အီးမေးပို့ပါ

TENNESSEE Immigrant & Refugee Rights COALITION

La Paz CHATTANOOGA

LATINO Memphis

centro HISPANO • DE EASTTN